# သင်ဟာ အနည်းဆုံး ဆန္ဒမဲသုံးကြိမ်ပေးရမည်။



**ပြည်သူ့လွှတ်တော်**
အစိမ်းရောင် အဖုံးပိတ်ထားသော မဲပုံးဆီသွား၍ ဆန္ဒမဲလက်မှတ်ကို ထည့်ပါ။



**အမျိုးသားလွှတ်တော်**
အပြာရောင် အဖုံးပိတ်ထားသော မဲပုံးဆီသွား၍ ဆန္ဒမဲလက်မှတ်ကို ထည့်ပါ။



**တိုင်းဒေသကြီး /ပြည်နယ်လွှတ်တော်**
ခရမ်းရောင် အဖုံးပိတ်ထားသော မဲပုံးဆီသွား၍ ဆန္ဒမဲလက်မှတ်ကို ထည့်ပါ။



အချို့သော မဲဆန္ဒရှင်များသည် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်အတွက် မဲပေးခွင့်ရှိပါက ခရမ်းရောင်ဖုံးထားသော မဲပုံးဆီသွား၍ ဆန္ဒမဲလက်မှတ်ကိုထည့်ပါ။




(၁) သင်ဆန္ဒမဲပေးလိုသော ကိုယ်စားလှယ်လောင်းကိုသာ ရွေးချယ်၍ မဲလက်မှတ်ပေါ်တွင် တစ်ကြိမ်သာ တံဆိပ်တုံးရိုက်နှိပ်ရမည်ကို သတိပြုပါ။
(၂) သေချာစွာ တံဆိပ်တုံးရိုက်နှိပ်ပါ။

# သတိရပါ
# သင်ရဲ့ဆန္ဒမဲကို လျှို့ဝှက်ထားပါ



https://web.facebook.com/uecmyanmar/

https://www.uec.gov.mm/

**၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို မကြာခင်ကျင်းပပါတော့မည်။**
**မဲပေးရမည့် နည်းလမ်းများကို တစ်ဆင့်ပြီးတစ်ဆင့် ကြည့်ရှုပါ။**



Covid-19 ကြောင့် သင်၏ ဆန္ဒမဲပေးပိုင်ခွင့်ကို မဆုံးရှုံးပါစေနှင့်။
ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များကို လိုက်နာပါ။
သင်နှင့် သင့်ပတ်ဝန်းကျင်ကို ဘေးကင်းလုံခြုံစေပါ။
ဆန္ဒမဲပေးနေစဉ် ရောဂါအန္တရာယ်မှ ကင်းဝေးအောင် ဂရုပြုနေထိုင်ပါ။
ကျွန်ုပ်တို့အားလုံး ရွေးကောက်တွင် အဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရန်နှင့် Covid-19 ကိုကျော်လွှားရန် အားလုံးအတူတကွ လုပ်ဆောင်ကြပါစို့။



နေမကောင်းဖြစ်လျှင် အိမ်မှာပဲနေပါ။ ဆရာဝန်ကိုဆက်သွယ်၍ အကူအညီတောင်းပါ။



တစ်ဦးနှင့်တစ်ဦး ၆ ပေ အကွာတွင်နေပါ။



အပြင်ထွက်တိုင်း ပါးစပ်နှင့် နှာခေါင်းစည်း (Mask) တပ်ပါ။



လက်ဆွဲနှုတ်ဆက်ခြင်းမှ ရှောင်ကျဉ်ပါ။



လက်မဆေးဘဲ မျက်နှာကို မကိုင်တွယ်ပါနှင့်။



နှာချေချောင်းဆိုးပါက တစ်ခါသုံးတစ်ရှူး(သို့မဟုတ်) တံတောင်ဆစ်ကွေးဖြင့် ပါးစပ်နှင့် နှာခေါင်းကိုလုံခြုံစွာအုပ်ပါ။



ဆပ်ပြာနှင့်ရေကိုအသုံးပြု၍ လက်ကို စက္ကန့် (၃၀)ကြာအောင် မကြာခဏ စနစ်တကျဆေးကြောပါ။



အသုံးပြုပြီးသော တစ်ရှူးစက္ကူများကို အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်ပါ။ လက်ကိုစနစ်တကျ စင်ကြယ်အောင် ဆေးကြောပါ။

# မဲရုံအတွင်းသို့ ဝင်ရောက်ခြင်း



မဲရုံရှေ့၌ ကပ်ထားသော မဲစာရင်းတွင် မိမိ၏ မဲစာရင်းနံပါတ်ကိုရှာပါ။



အခြားဆန္ဒမဲပေးသူများနှင့် ၆ ပေ အကွာအဝေး၌သာအမြဲရှိရန် သတိပြု နေထိုင်ပါ။



ပါးစပ်နှင့်နှာခေါင်းစည်း **(Mask)** ကို စနစ်တကျ တပ်ဆင်ပါ။



သင်၏လက်တွင် မင်တို့ထားသော အမှတ်အသားမရှိကြောင်း မဲရုံဝင်ပေါက်ရှိ မဲရုံလုံခြုံရေးအား ပြသပါ။



မသန်စွမ်းသူများနှင့် အကူအညီလိုအပ်သော မဲဆန္ဒရှင်များတန်းစီနေသည့်အခါ ဦးစားပေးခြင်းအားဖြင့် ကူညီပါ။

# လက်ခံရယူခြင်း၊ တံဆိပ်တုံးထုခြင်းနှင့် ဆန္ဒမဲပေးခြင်း



**စစ်ဆေးပါ** - မဲရုံအတွင်းရှိ မဲဆန္ဒရှင်စာရင်း၌ လက်မှတ်ရေးထိုးရန်အတွက် မိမိ၏ကိုယ်ပိုင် ဘောလ်ပင်ယူဆောင်လာသင့်ပါသည်။ အကယ်၍ ကိုယ်ပိုင်ဘောလ်ပင် မသယ်ဆောင်လာပါက အဆင်သင့်ထားရှိသည့် ပိုးသတ်ထားသော ဘောလ်ပင်ကိုယူ၍ လက်မှတ်ထိုးပါ။

၁



**ထုတ်ယူပါ** - မဲလက်မှတ်ထုတ်ပေးသူဆီသွား၍ ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းတွင် လက်မှတ်ထိုးပါ။ ပြည်သူ့လွှတ်တော်အတွက် မဲလက်မှတ်ကို ထုတ်ယူပါ။

၂



**တံဆိပ်တုံးထုပါ** - လျှို့ဝှက်ဆန္ဒပြုခန်းအတွင်း၌ သင်ဆန္ဒပြုလိုသောကိုယ်စားလှယ်လောင်း၏ ဘေးအကွက်တွင် တစ်ကြိမ်သာ တံဆိပ်တုံးထု၍ ဆန္ဒပြုပါ။

၃



**ဆန္ဒမဲထည့်ပါ** - သင်၏ ဆန္ဒမဲလက်မှတ်ကို ခေါက်၍ မဲပုံးအတွင်းသို့ထည့်ပါ။

၄



**ထပ်မံလုပ်ဆောင်ပါ** - အမျိုးသား လွှတ်တော်နှင့် တိုင်း/ပြည်နယ် လွှတ်တော်ကို အထက်ပါ ဖော်ပြထားသော အဆင့်(၁)မှအဆင့်(၃) အတိုင်း ဆန္ဒမဲထပ်ပေးပါ။ တိုင်းရင်းသားဖြစ်ပါက တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်အတွက် ဆန္ဒမဲထပ်ပေးပါ။

၅



ဆန္ဒမဲပေးပြီးပါက မင်တို့သူထံသို့သွားပါ။ သင်၏လက်ကိုပိုးသတ်ပါ။ စက္ကန့် ၃၀ ကြာအောင် စောင့်ပေးပါ။ ပြီးလျှင် သင်၏ဘယ်ဘက် လက်သန်းကို မင်တို့ပါ။ သတ်မှတ်ထားသော ထွက်ပေါက်မှ မဲရုံအပြင်သို့ထွက်ပါ။

၆



ယခု သင်ဟာ အောင်မြင်စွာ မဲပေးပြီးပါပြီ။

၇

## မှတ်သားပါ

**မိမိဆန္ဒပြုလိုသော ကိုယ်စားလှယ်လောင်း၏ ဘေးအကွက်တွင် တံဆိပ်တုံးထု၍ ဆန္ဒပြုပါ။ ဆန္ဒမပြုမီ အကြောင်းတစ်ခုခုကြောင့် ဆန္ဒမဲလက်မှတ် မတော်တဆပျက်စီးသွားပါက ဆန္ဒမဲလက်မှတ်အသစ် တောင်းခံနိုင်ပါသည်။**

